# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေး ဥပဒေ

**(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈ ။)**

# မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၃ |
| ၄။ | အခန်း(၃) | |
| | ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း | ၄ |
| ၅။ | အခန်း(၄) | |
| | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း | ၄-၅ |
| ၆။ | အခန်း(၅) | |
| | ကော်မတီဖွဲ့စည်းခြင်း | ၅-၆ |
| ၇။ | အခန်း(၆) | |
| | ကော်မတီ၏လုပ်ငန်းတာဝန်များ | ၆-၇ |
| ၈။ | အခန်း(၇) | |
| | ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း | ၇-၈ |
| ၉။ | အခန်း(၈) | |
| | စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၈-၉ |
| ၁၀။ | အခန်း(၉) | |
| | တားမြစ်ချက်များ | ၉-၁၀ |
| ၁၁။ | အခန်း(၁၀) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၀-၁၁ |
| ၁၂။ | အခန်း(၁၁) | |
| | အထွေထွေ | ၁၁ -၁၂ |

# မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေ
## (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈ ။ )
## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
## ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်းတာဝန်ခံ ဝန်ကြီးကို ဆိုသည်၊

(ဃ) **ကော်မတီ** ဆိုသည်မှာ မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ကော်မတီကို ဆိုသည်၊

(င) **ပြည်နယ်ဦးစီးမှူး** ဆိုသည်မှာ မွန်ပြည်နယ်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ တာဝန်ခံကို ဆိုသည်၊

(စ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၀ အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်၊

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနကို ဆိုသည်၊

(ဇ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ဓလေ့ထုံးစံ ရိုးရာ အစဉ်အလာအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လက်မှုပညာဆိုင်ရာဖန်တီးမှုများ၊ စာပေအနုပညာဆိုင်ရာဖန်တီးမှုများနှင့်

ယဉ်ကျေးမှုဆိုင်ရာတီထွင်ကြံဆမှုများဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာဉာဏပစ္စည်းများလည်း ပါဝင်သည်၊

(ဈ) **ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ရုပ်ဝတ္ထုပစ္စည်းများ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာကို ဆိုသည်၊

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော အောက်ပါတို့ပါဝင်သည်-

(၁) ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံနှင့်ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့် ပန်းချီ၊

(၂) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့်လူသားတို့ ခိုအောင်း နေထိုင်ခဲ့သောဂူ၊

(၃) ကမ္ပည်း၊ ကျောက်စာ၊ မော်ကွန်း၊

(၄) လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံအကြွင်းအကျန်၊

(၅) ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်၊ ယင်းတို့၏ အကြွင်းအကျန်။

(ဋ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် တူးဖော်ခြင်း မပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့အခြေချနေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်း အဆောက်အအုံတည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်းကို ဆိုသည်၊

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရိဝုဏ်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်ထားသော အဝန်းအဝိုင်းနယ်နိမိတ်ကို ဆိုသည်၊

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်ထားသော ဇုန်ကို

ဆိုသည်၊

(ပ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းနေရာတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်ထားသောဇုန်ကို ဆိုသည်၊

(ဖ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သည့် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်၊

(ဗ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသော ဇုန်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာတည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ အသိစိတ်ဓါတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရန်။

## အခန်း(၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၄ အရ သတ်မှတ်နိုင်ရေးအတွက် စီမံခန့်ခွဲရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂလိကပိုင် စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း(၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၆။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း၊ အဟန့်အတားအနှောင့်အယှက် ဖြစ်စေသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမဟုတ်သော အဆောက်အအုံကို ဖျက်ဆီးစေနိုင်သည်။

၇။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာ ပြောင်းလဲခြင်းမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၈။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၉။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

၁၀။ ဦးစီးဌာနသည် ကော်မတီ၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် သတ်မှတ်သည့် နယ်နိမိတ်အတွင်း၌ မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်း မပြုရန် သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်း မပြုရန် တားမြစ်နိုင်သည်။

၁၁။ ဦးစီးဌာနသည် ကော်မတီ၏သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါကိစ္စများ ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတစ်ခု၏ ပရိဝုဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရိဝုဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

## အခန်း(၅)
## ကော်မတီဖွဲ့စည်းခြင်း

၁၂။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | သမိုင်းဌာနကိုယ်စားလှယ်<br>မော်လမြိုင်တက္ကသိုလ် | အဖွဲ့ဝင် |

(ဈ) ပထဝီဌာနကိုယ်စားလှယ် အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်၊

(ည) ပြည်နယ်ဦးစီးမှူး အတွင်းရေးမှူး
ပြည်နယ်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန။

၁၃။ အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၁၂ အရ ဖွဲ့စည်းသော ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၆)

## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၄။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့်သုတေသနပြုလုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသမှ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် အခြားရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ယင်းပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံများ တည်ဆောက်ခြင်း၊တိုးချဲ့ခြင်း၊ နယ်နိမိတ်တိုးချဲ့ခြင်း၊ သုတေသန လုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အဆုံးအဖြတ်ပေးခြင်း။

၁၅။ ကော်မတီသည် ပုဒ်မ ၆၊ ၇ နှင့် ၈ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

## အခန်း(၇)
## ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၆။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် -

(၁) အဆောက်အအုံတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၁၇။ (က) ကော်မတီသည် ပုဒ်မ ၁၆ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ၊ မညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်၊

(ခ) ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဒ်မ ၁၆ ပါ ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ ကော်မတီသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှအပ အခြားအဆောက်အအုံပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံများမှအပ အခြားအဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၁၉။ ဦးစီးဌာနသည် ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၁၈ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း(၈)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၀။ ဝန်ကြီးသည် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည် -

(က) ပြည်နယ်ဦးစီးမှူး ဥက္ကဋ္ဌ
ပြည်နယ်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊

(ခ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်မြေစာရင်းဦးစီးဌာန၊

(ဂ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်သစ်တောဦးစီးဌာန၊

(ဃ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊

(င) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်သာသနာရေးဦးစီးဌာန၊

(စ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့၊

(ဆ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊

(ဇ) မြို့နယ်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

၂၁။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုချက်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်များ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့်လွတ်ကင်းခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဆ) ကော်မတီမှပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၉)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။

၂၃။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း မပြုရ။

၂၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၂၅။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၂၆။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အစိုးရအဖွဲ့က ဒေသအလိုက်သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

၂၇။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကော်မတီ၏သဘောတူညီချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုရ။

## အခန်း(၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၂ ၊ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခုနစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ရာတွင် တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကိုလည်း ချမှတ်နိုင်သည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည် ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန် အတိုင်း ပြုလုပ်စေခြင်း။

၃၂။ မည်သူမဆို ပုဒ်မ ၃၁ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် တရားရုံးသည် ထိုသူအား ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)မှ အများဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိ ချမှတ်နိုင်သည်။

## အခန်း(၁၁)
## အထွေထွေ

၃၃။ (က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန် အကြောင်းပေါ်ပေါက်လျှင် ကော်မတီသည် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၃၄။ ဤဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်